ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန
ကြံခင်းမြို့နယ်

လူထုဗဟိုပြုစီမံကိန်း (တတိယနှစ်စက်ဝန်း)
National Community Driven Development Project
(NCDDP)



# ကျေးလက်ဒေသဖွံ့ဖြိုးရေးအစီအစဉ်
# Village Development Plan (VDP)

ကြပ်ခေါင်းကျေးရွာ ၊ ပက်မခန်းကျေးရွာအုပ်စု

၂၀၁၈ခုနှစ် ကြံခင်းမြို့

မာတိကာ

၁။ မြို့နယ်မြေပုံ

၂။ ကျေးရွာမြေပုံ(တည်နေရာ)

၃။ အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း

၄။ ကျေးရွာအခြေခံအချက်အလက်များ

၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့်
အကဲဖြတ်ခြင်းလုပ်ငန်းစဉ်(PSA/PRA)အကျဉ်းချုပ်ဇယား

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်
သုံးသပ် ချက်များ

၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ

၈။ ကော်မတီဝင်များစာရင်း

၉။ ကျေးရွာအချက်အလက်(ပုံစံ-၁)

၁၀ ။စီမံကိန်းစက်ဝန်းအချိန်ဇယား(ပုံစံ-၂)


၁၁။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ်(ပုံစံ-၃)

၁၂။ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း(ပုံစံ-၄)

၁၃။ အစည်းအဝေးမှတ်တမ်းများ


၁၄။ ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

## ၁။ မြို့နယ်မြေပုံ



ကြံခင်းမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု၊ ကျေးရွာများပြမြေပုံ
N
ဧရာဝတီတိုင်းဒေသကြီး
ဟင်္သာတခရိုင်၊ ကြံခင်းမြို့နယ်
ကွင်းအညွှန်းပြမြေပုံ
ပဲ ခူး တိုင်း ဒေ သ ကြီး
အလုံချောင်း
မြောက်မြန်အောင်သစ်တောကြိုးဝိုင်း
ကွန်ချောင်းဆည်
ကွန်ချောင်း
ကြံခင်းသစ်တောကြိုးဝိုင်း
ရေသာယာချောင်း
ကျောက်နီချောင်း
ပတော်ချောင်း
ရခိုင် ပြည် နယ်
ဧရာဝတီ မြစ်
မြန် အောင် မြို့ နယ်
ညွှန်ပြချက်
ပြည်နယ်/တိုင်း/ခရိုင်ခြား
မြို့နယ်ခြား
ကျေးရွာအုပ်စုခြား
ကွင်းခြား
ကားလမ်း
ရထားလမ်း
မြစ်ချောင်း

## ၂။ ကျေးရွာ မြေပုံ (တည်နေရာ)




ကြပ်ခေါင်းကျေးရွာတည်နေရာပြမြေပုံ

**၃။ပက်မခန်းအုပ်စုတွင်ပါဝင်သောကျေးရွာများစရင်း**

၁။ ပက်မခန်းကျေးရွာ

၂။ အင်းပက်လက်ကျေးရွာ

၃။ ရင်းတိုက်ကုန်းကျေးရွာ

**၄။ ကြပ်ခေါင်းကျေးရွာ**

၅။ ရွှေလောင်းကုန်းကျေးရွာ

၆။ မြောက်ကုန်းကျေးရွာ

၇။ သဲကောကျေးရွာ

၈။ လမိုင်းကွင်းကျေးရွာ

## ၄။ ကျေးရွာအခြေခံ အချက်အလက်၏

ကြပ်ခေါင်းကျေးရွာသည် ဧရာဝတီတိုင်းဒေသကြီး ၊ဟသ်ာတခရိုင် ၊ကြံခင်းမြို့နယ် ပက်မခန်းအုပ်စုအတွင်း တည် ရှိသော ကျေးရွာကလေးဖြစ်သည်။ ဗမာလူမျိုးအိမ်ထောင်စု ( ၄၁)စု၊ကရင်လူမျိုးအိမ်ထောင်စု(၃)စုရှိပါသည်။ ကြံခင်းမြို့နှင့် ၁၈-မိုင်ခန့် ကွာဝေးပြီး၊ မိုးရာသီတွင် လမ်းများပျက်စီးသောကြောင့် ခက်ခဲစွာ သွားလာကြရသည်။ အုပ်စုရွာနှင့် ၁ မိုင်-ခန့် ကွာဝေးပါသည်။

ကျေးရွာတွင်စာသင်ကျောင်းမရှိသောကြောင့် ကလေးများသည်အခြေခံပညာသင်ကြားနိုင်ရန်အတွက်(၁) မိုင်ခန့်ကွာဝေးသည့် အမက ပက်မခန်းကျောင်းတွင်လမ်းပန်းဆက်သွယ်ရေးခက်ခဲစွာ သွားရောက်ပညာသင် ကြားနေရပါသည် ။ အခြေခံပညာအလယ်တန်းနှင့်အထက်တန်းကို အထက မျောက်ချောကုန်းကျောင်းတွင် ပညာ ကြားရပါသည်။ ကျေးရွာအခြေခံအဆောက်အဦးအနေဖြင့် ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းရှိပါသည်။


လယ်ယာလုပ်ငန်း၊ မြေပဲစိုက်ခြင်း မတ်ပဲစိုက်ခြင်းလုပ်ငန်းများသည် ကျေးရွာ၏အဓိကအသက်မွေး ဝမ်းကြောင်းလုပ်ငန်း အဖြစ် လုပ်ကိုင်ကြသည်။ ကျပန်းလုပ်ငန်း လုပ်ကိုင်ကြရသူများလည်း ရှိပါသည်။ ကျေးရွာတွင် ကရင်လူမျိုး ဗမာလူမျိုးများနေထိုင်ကြပြီး ဗုဒ္ဓဘာသာကိုကိုးကွယ်ကြပါသည်။

၅။လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ်(PSA/PRA)အကျဉ်းချုပ်ဇယား

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးဆောင်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | လူမှုနှင့်သဘာဝ အရင်းအမြစ်ပြမြေပုံ (Social Map & Resource map) | 26.9.2017 | ရပ်မိရပ်ဖ၊ ကော်မတီဝင်များ၊ ရပ်ရွာလူထုများ | 3 | 12 | 15 | - ဒေသတွင်း သဘာဝအရင်းမြစ်များ<br>-လူမှုအဆောက်အဦးများ<br>-ဘာသာရေးအဆောက်အဦးများ<br>-လမ်းပန်းဆက်သွယ်ရေးများ |
| ၂ | ရာသီခွင်ပြ ပြက္ခဒိန် (Seasonal Calender) | 26.9.2017 | ကော်မတီဝင်များနှင့်၊ ရပ်ရွာလူထုများ | 4 | 7 | 11 | - ရာသီဥတု၊စိုက်ပျိုးသီးနှံများ၊ လအလိုက်ဝင်ငွေများ၊ အလုပ်အကိုင် အခွင့်အလမ်းများ၊ ပွဲတော်များ၊ သဘာဝဘေးများ၊ လယ်ယာလုပ်ငန်းနှင့် အခြားလုပ်ငန်းများ |
| ၃ | ဥစ္စာဓနအဆင့် သတ်မှတ်ခြင်း (Wealth Ranking) | 26.9.2017 | ချမ်းသာ၊ အလယ်၊ အလတ်၊ နွမ်းပါး၊ အလွန်နွမ်းပါး အုပ်စုများ | 4 | 6 | 10 | -ကျေးရွာ လူမှုစီးပွားအုပ်စုများ၊ ခွဲခြားသတ်မှတ်နိုင်ရေး<br>-အဆင့်လိုက်အခြေခံ စံနှုန်းများ၊ အများသဘောတူသတ်မှတ်နိုင်ရေး<br>-ကျေးရွာ၏ လူမှု စီးပွားရေး |
| ၄ | အဖွဲ့အစည်းချိတ် ဆက်မှုပြမြေပုံ (Venn Diagram) | 26.9.2017 | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ အခြားအဖွဲ့တွင် ပါဝင်သူများ | 5 | 7 | 12 | -ကျေးရွာတွင်း၊ ပြင်ရှိအဖွဲ့အစည်းများ မည်ကဲ့သို့ ချိတ်ဆက် ဆောင်ရွက် နေပုံ။ |
| ၅ | ပင့်ကူအိမ်ကွန်ယက် (cobweb) | 26.9.2017 | ကျေးရွာရှိအမျိုးသားနှင့် အမျိုးသမီးများ | 3 | 6 | 9 | -နေ့စဉ်ဘဝအတွက် ဆောင်ရွက်မှု တွင် အမျိုးသားနှင့်အမျိုးသမီးတို့၏ ပါဝင်နိုင်မှုအချိုး<br>-အမျိုးသားနှင့်အမျိုးသမီး တန်းတူ အခွင့်အရေးရရှိနိုင်မှု အပေါ် သုံးသပ်ခြင်း။ |
| ၆ | အရင်းအမြစ်များ အပေါ်အသုံးချနိုင်မှု၊ လွှမ်းမိုးမှုနှင့် ဆုံးဖြတ်နိုင်မှု (Asset Mapping) | 26.9.2017 | ကျေးရွာရှိ အမျိုးသားနှင့် အမျိုးသမီးများ | 7 | 29 | 36 | -အရင်းအမြစ်များအပေးတွင် (အမျိုးသားနှင့်အမျိုးသမီးများ) အသုံးပြုနိုင်မှုနှင့် ထိန်းချုပ်မှုတွင် မည်သည့်အကြောင်းကြောင့်နည်း။ မည်သို့ညီမျှစွာ ခံစားခွင့် ရမည်နည်း။ |
| ၇ | အခက်အခဲပြဿနာ (Problem) | 26.9.2017 | ကော်မတီဝင်များနှင့်၊ ရပ်ရွာလူထုများ | 7 | 29 | 36 | -ဒေသဖွံ့ဖြိုးရေးအတွက် အနှောင့်အယှက် အတားအဆီး၊ အခက်အခဲများ။<br>-လိုအပ်ချက်များ။ |
| ၈ | ကျေးရွာမျှော်မှန်းချက်များ (Village Vision) | 26.9.2017 | ကော်မတီဝင်များနှင့်၊ ရပ်ရွာလူထုများ | 7 | 29 | 36 | -ဒေသဖွံ့ဖြိုးရေးအတွက် ဘာတွေမျှော်မှန်းထားသလဲ။ ဘာကြောင့်မျှော်မှန်းထားသလဲ။ |
| ၉ | ကျေးရွာဦးစားပေး လုပ်ငန်းများ | 26.9.2017 | ကော်မတီဝင်များနှင့်၊ရပ်ရွာလူထုများ၊ တက် ရောက်သူ အားလုံး | 7 | 29 | 36 | -အကျိုးပြုလူဦးရေ၊ အကျိုးခံစားခွင့်<br>-<br>လိုအပ်ချက်အဆင့်သတ်မှတ်ခြင်း။ |

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော လူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့် တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(က) <u>လူမှုနှင့်သဘာဝအရင်းအမြစ်ပြမြေပုံ</u>



လူမှုနှင့်သဘာဝအရင်းအမြစ်ပြမြေပုံ

## လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ (ဆွေးနွေးချက်နှင့်ဆန်းစစ်ချက်)

လယ်ယာ ကိုင်း၊ ချောင်း များကိုမှီခိုပြီး အသက်မွေးဝမ်းကြောင်းပြုကြသည်။


- သောက်သုံးရေရရှိမှုမှာ ဆည်ရေ၊ ချောင်းရေ တို့ကိုသာ အဓိက မှီခိုအားထားနေရသည်။
- လူထုဗဟိုပြုစီမံကိန်း ပထမနှစ်စက်ဝန်းတွင် ကျေးရွာခြင်းဆက်လမ်းခင်းခြင်းလုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့်အတွက်ကျေးရွာခြင်းဆက်လမ်းနှင့်ပတ်သက်၍ အဆင်ပြေချောချောမွေ့ခဲ့သည်။
- ကျေးရွာမှာမိုးတွင်းရာသီများတွင် လမ်းများပျက်စီးသဖြင့် ပညာရေးကျန်းမာရေးစီးပွားရေးတို့အတွက်များစွာအခက်အခဲရှိသည်။
- မိမိတို့ကျေးရွာမှ ကျောင်းသားများသည် ကျေးရွာချင်းဆက်လမ်းများမကောင်းသည့်အတွက် သွားရေး၊ လာရေးများအလွန်ခက်ခဲနေသည်။
- ကျေးရွာတွင် အခြေခံမူလတန်းကျောင်း မရှိပေ။
- စိုက်ပျိုးမြေယာပိုင်ဆိုင်မှုနည်းပါးပြီး လက်လုပ်လက်စားများပြားသည်။
- ကျေးရွာတွင် ဘုန်းတော်ကြီးကျောင်းတစ်ကျောင်း တည်ရှိသည်။
- ကျေးရွာတွင်ဗမာလူမျိုး ကရင်လူမျိုးများနေထိုင်ကြပြီး ဗုဒ္ဓဘာသာကိုသာကိုးကွယ်ကြသည်။

### ဖွံ့ဖြိုးရေးလိုအပ်ချက်

- လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရန်၊
- အခြေခံပညာမူလတန်းကျောင်းရှိရန်၊
- အလုပ်အကိုင် အခွင့်အလမ်းကောင်းများ ရရှိရန်၊
- လျှပ်စစ်မီးရရှိရန်၊
- အစည်းအဝေးခန်းမ၊
- စာကြည့်တိုက်ကောင်းမွန်ရန်၊
- ရွာတွင်းလမ်းများကောင်းမွန်ရန်၊

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော လူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များ နှင့် တစ်ခုချင်းစီအတွက်သုံးသပ်ခြင်း

(ခ) <u>လူမှုစီးပွားအဆင့်သတ်မှတ်ခြင်းနှင့် သုံးသပ်ချက်</u>


၅.၁.၂၀၁၇

ဥစ္စာဓန အဆင့် သတ်မှတ်ချက်

ပက်မခမ်းအုပ်စု ၊ကြပ်ခေါင်းကျေးရွာ

| အဆင့် | သတ်မှတ်ချက် | အိမ်ခြေ | ရာခိုင်နှုန်း |
|---|---|---|---|
| ချမ်းသာသော အုပ်စု | လယ်၊ ထွန်စက်၊ ဓါးခွဲ၊ ဥယျာဉ်ခြံ၊ ဆိုင်ကယ်၊ သွပ်မိုးအိမ်၊ သစ်သားအိမ်ကြီး | ၅ | ၁၀% |
| ပြေလည်သောအုပ်စု | လယ်အနည်းငယ်၊ ဆိုင်ကယ်၊ စက်ဘီး၊ သစ်သားအိမ်၊ သွပ်မိုး၊ ထော်လာဂျီ | ၁၀ | ၂၁% |
| မပြေလည်သော အုပ်စု | ယာလုပ်ငန်း၊ ဆိုင်ကယ်၊ စက်ဘီး၊ သွပ်မိုး၊ ထော်လာဂျီ၊ ကြမ်းခင်း | ၁၂ | ၂၆% |
| ဆင်းရဲသော အုပ်စု | ဓါးအိမ်၊ စက်ဘီး၊ ကျပန်းအလုပ် | ၂၀ | ၄၃% |
| | | ၄၇ | ၁၀၀% |

ပါဝင်ဆွေးနွေးသူ - ကျား - ၃ ယောက်
မ - ၆ ယောက်

**လူမှုစီးပွားအဆင့်သတ်မှတ်ခြင်း**

**ဥစ္စာခနေကြွယ်ဂမူဇယား (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း)**

- ကျေးရွာတွင်လူမှုအဆင့်သတ်မှတ်ရာတွင်(က၊ခ၊ဂ၊ဃ)အဆင့်သတ်မှတ်ပြီးရေးဆွဲခဲ့သည်။အဆင့်(က)အိမ်ထောင်စုများသည် ချမ်းသာသောအုပ်စု၊ အဆင့်(ခ)အိမ်ထောင်စုများသည် အသင့်အတင့်အုပ်စု၊အဆင့်(ဂ)အိမ်ထောင်စုများသည် နွမ်းပါးသောအုပ်စု၊ အဆင့်(ဃ)အိမ်ထောင်စုများသည် အလွန်နွမ်းပါးသော အုပ်စုများဟူ၍သတ်မှတ်သည်.
- ချမ်းသာသောအုပ်စုမှာ (၅) အိမ်ထောင်စု၊ အသင့်အတင့်အိမ်ထောင်စုမှာ (၁၀) အိမ်ထောင်စု၊နွမ်းပါးသောအုပ်စုမှာ (၁၂) အိမ်ထောင်စု၊ အလွန်နွမ်းပါးသောအုပ်စုမှာ (၂၀) အိမ်ထောင်စု သတ်မှတ်ခဲ့သည်။
- နွမ်းပါး၊အလွန်နွမ်းပါးသော အကြောင်းအရင်းများမှာ လက်လုပ်လက်စားများခြင်း၊ ပုံမှန်ဝင်ငွေရရှိရန်အတွက် အလုပ်အကိုင်ရှားပါးခြင်း၊ ဗဟုသုတနည်းပါးခြင်း။
- အစီအစဉ်ရေးဆွဲရာတွင် နွမ်းပါးသူများ၏ အားလပ်ချိန်တွင်ရေးဆွဲခြင်း၊ နွမ်းပါးသောသူများနှင့် ကျေးရွာလူထု၏ သတ်မှတ်သောအဆင့်များ၊ ၎င်းတို့၏လိုအပ်ချက်များကို ဦးစားပေးစဉ်းစားရေးဆွဲခဲ့သည်။
- ကျေးရွာ၏အခြေခံအဆောက်အဦးများ၊ ဖွံ့ဖြိုးရေးလုပ်ငန်းများရေးဆွဲအကောင်အထည်ဖော်လုပ်ငန်းများတွင် ကျေးရွာလူထုနွမ်းပါးသူများ ဝင်ရောက်လုပ်ကိုင်ခြင်းဖြင့် လုပ်အားခရရှိပြီး ဝင်ငွေများရရှိလာမည် ဖြစ်သည်။ ဖွံ့ဖြိုးရေးလုပ်ငန်းများ ကျေးရွာတွင် လုပ်ကိုင်ခြင်းဖြင့် ကျေးရွာလူထုမှ အချိန်ကုန်မှုများလျော့လာပြီး ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော လူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များ နှင့် တစ်ခုချင်းစီအတွက်သုံးသပ်ခြင်း

(က) <u>ရာသီခွင်ပြက္ခဒိန်နှင့် သုံးသပ်ချက်။</u>




ရာသီခွင်ပြက္ခဒိန်

## ရာသီခွင်ပြဇယားမှဆန်းစစ်မှုရလဒ် (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း)

- လယ်ယာလုပ်ငန်း၊ ကိုင်းစိုက်ပျိုးရေးလုပ်ငန်းနှင့် မတ်ပဲစိုက်ခြင်းလုပ်ငန်းတို့သည် ကျေးရွာ၏ဝင်ငွေရရှိသော လုပ်ငန်းများဖြစ်သည်။
- လယ်ယာလုပ်ငန်း၊ ကိုင်းလုပ်ငန်းများလုပ်ဆောင်ချိန်တွင် လုပ်အားခများများရရှိ(နယုန်လ၊ ဝါဆို၊ ဝါခေါင်၊ သီတင်းကျွတ်၊ တန်ဆောင်မုန်း ၊နတ်တော်၊တပို့တွဲလ)
- အခြားလုပ်ငန်းများမှ ဝင်ငွေလုံလောက်မှုမရှိပေ။
- တစ်နေ့တာအတွင်း အမျိုးသားနှင့်အမျိုးသမီး ဝင်ငွေရရှိမှု မတူညီ၊ (အမျိုးသမီးများမှာ အိမ်တွင်းမှု အလုပ်များနှင့် အချိန်ကုန်နေရသည်။)
- အမျိုးသားများမှ တာဝန်ယူခွဲယူမှုနှင့် ကျား/မရေးရာ သိမြင်လာအောင် ဆွေးနွေး၊(အိမ်တွင်းမှုပိုင်းတွင် အမျိုးသားများတာယူရာတွင် အမျိုးသမီးများအတွက်ဝင်ငွေရရှိနိုင်၊)
- တန်းတူညီမျှမှုနှင့် သာတူညီမျှအကြောင်းဆွေးနွေး၍ ဝင်ငွေတိုးစေခြင်းကို ဆွေးနွေး။
- တန်ခူး၊ ကဆုန်၊ တော်သလင်း၊ ပြာသိုလများတွင် လုပ်အားခနည်းပါးသည်။
- ကျန်းမာရေးမှာ ထူးခြားသောရောဂါ များမရှိ၊ ရာသီအကူးအပြောင်းများတွင် ကျန်းမာရေး မကောင်း၊ ကလေးငယ်များအတွက် ကျန်းမာရေးစောင့်ရှောက်မှုများမရှိ၊ ကဆုန်၊ ဝါဆို၊ တန်ဆောင်းမုန်း၊ နတ်တော် ပြာသို ရာသီအကူးအပြောင်းများတွင် နာစေး၊ ချောင်းဆိုး၊ တုတ်ကွေး ရောဂါများဖြစ်ပွားတတ်သည်။ ကျန်းမာရေးအရေးပေါ် ကြုံတွေ့ရလျှင် ကြံခင်း၊ မြန်အောင် ပြည်သူ့ဆေးရုံတွင် သွားရောက်ပြသကြသည်။
- အစားအစာဖူလုံမှုနှင့် ပတ်သက်၍ ဝင်ငွေကောင်းသောလများတွင် ဖူလုံမှုရှိပြီး၊ ဝင်ငွေနည်းသောလများတွင် ဖူလုံမှု မရှိပေ။
- လမ်းပန်းဆက်သွယ်ရေးအနေဖြင့် ကျေးရွာတွင်းနှင့် ရွာချင်းဆက်လမ်းများမှာ မြေသားလမ်းဖြစ်သည်။
- ပွဲတော်များအနေဖြင့် တန်ခူးလတွင် သင်္ကြန်ပွဲ၊ ကဆုန်လတွင် ညောင်ရေသွန်းပွဲ၊ ဝါဆိုလတွင် ဝါဆိုသင်္ကန်းကပ်ပွဲ၊ သီတင်းကျွတ်လ၊ တန်ဆောင်မုန်းလတို့တွင် ဆီမီးပူဇော်ပွဲနှင့် ကထိန်ပွဲ တပေါင်းလတို့တွင် ရှင်ပြုပွဲများ ကျင်းပပြုလုပ်လေ့ရှိသည်။
- လမ်းပန်းဆက်သွယ်ရေးအနေဖြင့် တန်ခူး၊ ကဆုန်၊ နယုန်လတို့တွင်ကောင်းမွန်ပြီး၊ ဝါဆို၊ဝါခေါင်၊ တော်သလင်း၊ သတင်းကျွတ်လတို့တွင် လမ်းများပျက်စီးနေတတ်သည်။ ကျန်သောလများတွင် လမ်းအခြေအနေမှာ အသင့်အတင့်သာ ရှိသည်။
- သဘာဝဘေးအန္တရာယ်ကျရောက်မှုမှာ ဝါဆို၊ဝါခေါင်လများတွင် ကွင်းရေရေလျှံမှုများ ဖြစ်သည်။

**၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော လူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များ နှင့် တစ်ခုချင်းစီအတွက်သုံးသပ်ခြင်း**

**(ဃ)ပင့်ကူအိမ်နှင့် သုံးသပ်ချက်**





**ပင့်ကူအိမ်ကွန်ယက်**

**ပင့်ကူအိမ်သုံးသပ်ခြင်း၊ ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း**

- အမျိုးသမီးများ၏ လက်ရှိအနေအထားမှာ အုပ်ချုပ်မှု၊ အဖွဲ့အစည်း၊ လုံခြုံမှုနှင့် အရင်းအမြစ်လက်လှမ်းမှီမှု တို့တွင် အားနည်းနေသည် ကိုဆွေးနွေးဖော်ထုတ်ခဲ့သည်။ဥပမာ- အမျိုးသားများသည် အုပ်ချုပ်မှု၊ အဖွဲ့အစည်း ၊ လုံခြုံမှုတို့တွင် အားကောင်းပြီး အမျိုးသမီးများအနေဖြင့် အားနည်းနေသည်ကို တွေ့ရှိရသည်။ အမျိုးသမီးများမှာ အိမ်တွင်းမှုများတွင် ရာခိုင်နှုန်းပြည့် နီးပါးဖြစ်နေသည်ကို တွေ့ရှိရသည်။
- အမျိုးသမီးများသည် အိမ်တွင်းမှုများတွင်သာ အချိန်ကုန်နေရပြီး လုံခြုံမှုနည်းပါးခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်း၊ ဝင်ငွေရှာဖွေမှုနည်းပါးခြင်း၊ အမျိုးသမီးများအနေဖြင့် အခြားဝင်ငွေရရှိနိုင်ရန်အတွက် အိမ်တွင်းမှုအသက်မွေးဝမ်းကြောင်းလုပ်ငန်းများ မရှိခြင်း။
- ကျေးရွာတွင် အမျိုးသမီးများသီးသန့် အသိအညာပေးဆွေးနွေးပွဲများ၊ လုပ်ပိုင်ခွင့်၊ ဆုံးဖြတ်ချက်ချပိုင်ခွင့်နှင့် လုပ်အားခများ တူညီသောအလုပ်အတွက် တူညီသောလုပ်အားခများ ကျား/မ တန်းတူပေးခြင်းဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အမျိုးသမီးများအား လက်တွဲခေါ်ခြင်းဖြင့် ကူညီနိုင်သည်။

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော လူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များ နှင့် တစ်ခုချင်းစီအတွက်သုံးသပ်ခြင်း

(င) <u>အရင်းအမြစ်များအပေါ်အသုံးပြုမှု၊ ပိုင်ဆိုင်မှုနှင့်ထိန်းချုပ်မှုအပေါ် သုံးသပ်ချက်</u>





အရင်းအမြစ်များအပေါ်အသုံးပြုမှုနှင့်ထိန်းချုပ်မှုပြပုံ

## <u>အရင်းအမြစ်ထိန်းချုပ်မှုနှင့်ပိုင်ဆိုင်မှု (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း)</u>

- အမျိုးသမီးများပါဝင်ဆွေးနွေးခြင်း၊ ဆုံးဖြတ်ချက်ချခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းတို့တွင် ပစ္စည်းများအား အမျိုးသားများနှင့်တန်းတူပိုင်ဆိုင်နိုင်ကြောင်းတွေ့ရှိရသည်။
- ဈေးဆိုင်၊ ကြက်၊ ဝက်၊ ဘဲ၊ ငှက်ပျောခြံ၊ အပ်ချုပ်စက်၊ ဖုန်း၊ ဆိုလာပြား စက်ဘီးတို့ကို အမျိုးသမီးများက ပိုင်ဆိုင် အသုံးပြုကြသည်ကိုသာ တွေ့ရှိရသည်။
- လယ်၊လှည်း၊ နွား၊ လယ်ယာသုံးစက်ပစ္စည်းများ၊ ဝါးတော၊ ကား၊ အိမ်၊ ဆိုင်ကယ်၊ ချောင်း၊ ရေတွင်း ဆည်မြောင်းစသည်တို့ကို အမျိုးသားများက ဦးဆောင်အသုံးပြုကြသည်။
- တီဗွီ၊ ရေကန် စသည့်အရင်းအမြစ်များကို အမျိုးသားများနှင့် အမျိုးသမီး များ နှစ်ဦးစလုံးအသုံးပြုကြသည်။
- ဆုံးဖြတ်ချက်များချရာတွင် အများအားဖြင့် အမျိုးသာများက သာ ထိန်းချုပ်ခြင်း/ဆုံးဖြတ်ချက်ချခြင်းများကို ပြုလုပ်နေကြသည်။
- အမျိုးသမီးများအနေဖြင့် ၄င်းတို့ကိုယ်တိုင် ထိန်းချုပ်ရသော/ဆုံးဖြတ်ချက်ချရသော အရင်းအမြစ်များမှာ အလွန်ပင် နည်းပါးသည်။
- အရင်းအမြစ်များအား ထိန်းချုပ်ခြင်း၊ ဆုံးဖြတ်ချက်ချခြင်းတို့တွင် အမျိုးသမီးများသည်လည်း အမျိုးသာများနှင့် တန်းတူပြုလုပ်နိုင်ကြောင်း၊ တန်းတူပြုလုပ်နိုင်ကြောင်း၊ တန်းတူပိုင်ဆိုင်ခွင့်ရှိကြောင်း၊ ဆွေးနွေးခြင်းဖြင့် အမျိုးသားနှင့် အမျိုးသမီးတန်းတူညီမျှမှု ရှိပေလိမ့်မည်။

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော လူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များ နှင့် တစ်ခုချင်းစီအတွက်သုံးသပ်ခြင်း

(စ) <u>အဖွဲ့အစည်းချိတ်ဆက်ပြမြေပုံနှင့်သုံးသပ်ချက်</u>





<u>အဖွဲ့အစည်းချိတ်ဆက်ပြမြေပုံ</u>

**အဖွဲ့အစည်းချိတ်ဆက်ပြပုံ (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း)**

- ကျေးရွာရှိ အုပ်ချုပ်ရေးပိုင်းသည် ကျေးရွာအတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ အုပ်ချုပ်ရေးပိုင်းများကိုအဓိကဦးဆောင်ပြုလုပ်ကြသည်။ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့်မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်လည်းပူးပေါင်း၍ ကျေးရွာ ဖွံ့ဖြိုးရေးလုပ်ငန်းများကို လည်း လုပ်ဆောင်ကြသည်။
- အမျိုးသားများပါဝင်သည့် မီးသတ်အဖွဲ့မှာလည်း မြို့နယ်မီးသတ်ဌာနဖြင့် ဆက်သွယ်၍ အဖွဲ့များ ဖွဲ့စည်းထားသည်။
- အမျိုးသားများနှင့်အမျိုးသမီးများ ပါဝင်သည့်လူထုဗဟိုပြု စီမံကိန်း ကော်မတီအဖွဲ့မှာလည်း ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာလူထုနှင့်အတူ ပူပေါင်းဆောင်ရွက်၍ လုပ်ဆောင်ကြသည်။
- ဂေါပကအဖွဲ့အနေဖြင့် ဘာသာရေးလုပ်ငန်းများကို ဆောင်ရွက်နေပြီး၊
- လူမှုကူညီရေးအဖွဲ့သည်ကျေးရွာ၏ သာရေးနာရေးလုပ်ငန်းများတွင် တက်ကြွစာဆောင်ရွက်ကြသည်။

(ဆ) <u>အမျိုးသား၊အမျိုးသမီးအုပ်စုများ၏ အခက်အခဲ ပြဿနာများ</u>




**အခက်အခဲ ပြဿနာများ**


**အမျိုးသားများမှ တင်ပြသောအခက်အခဲ/ပြဿနာများ**

- လမ်းများပျက်စီးမှုကြောင်းသွားလာရခက်ခဲခြင်း
- စာကြည့်တိုက် မကောင်းသောကြောင့် ဗဟုသုတနည်းပါးသည့်အခက်အခဲ
- စာသင်ကျောင်းမရှိသည့်အတွက် ပညာသင်ကြားရန်ခက်ခဲခြင်း
- ဂါးသယ်ယာဉ်များသွားလာခြင်းကြောင့် လမ်းများပျက်စီးသည့်အခက်အခဲ
- လျှပ်စစ်မီးရရှိရန်ခက်ခဲခြင်း
- ကျေးရွာတွင်းလမ်းများမကောင်းသည့်အခက်အခဲ

**အမျိုးသမီးများမှ တင်ပြသောအခက်အခဲ/ပြဿနာများ**

- ကျေးရွာတွင်းလမ်းများမကောင်းသည့်အခက်ခဲ
- လျှပ်စစ်မီးမရရှိသည့်အတွက် လူနေမှုအဆင်းအတန်းနိမ့်သည့်အခက်အခဲ
- စာသင်းကျောင်းမရှိသည့် ပညာသင်ကြားရန်အခက်အခဲ
- လမ်းပမ်းဆက်သွယ်ရေးမကောင်းသောကြောင့် ပညာသင်ကြားရန်ခက်ခဲခြင်း
  ဒေသထွက်ကုန်များစျေးကွက်သို့ အချိန်မှီမတင်ပို့နိုင်ခြင်း

## (ဈ) ကျေးရွာ(အမျိုးသား၊ အမျိုးသမီး) မျှော်မှန်းချက်




ကျေးရွာမျှော်မှန်းချက်များ


အမျိုးသားများမှ တင်ပြသော မျှော်မှန်းချက်များ

- ကျေးရွာတွင်ကွန်ကရစ်လမ်းရရှိရန်မျှော်မှန်းပါသည်
- လျှပ်စစ်မီးရရှိရန်မျှော်မှန်းပါသည်
- အခြေခံပညာမူလတန်းကျောင်းရှိလာရန်မျှော်မှန်း
- ဆေးပေးခန်းရရှိရန်မျှော်မှန်း
- လယ်ယာမြေများရေနစ်မြုပ်မှုမှာ ကင်းဝေးရန်မျှော်မှန်း
- အဆင့်တန်းမြင့်စာကြည့်တိုက်ရရှိနိုင်ရန်မျှော်မှန်း

အမျိုးသမီးများမှ တင်ပြသော မျှော်မှန်းချက်များ

- ကွန်ကရစ်လမ်းရရှိရန်မျှော်မှန်း
- ဆေးပေးခန်းရှိရန်မျှော်မှန်း
- အသေးစား ငွေစု ငွေချေးလုပ်ငန်းလေးရရှိရန်မျှော်မှန်း
- လျှပ်စစ်မီးရရှိရန်မျှော်မှန်း

## (ဈ) <u>ကျေးရွာဦးစားပေးလုပ်ငန်းများ အဆင့်သတ်မှတ်ချက်</u>



6.1.2017 ပက်ဖခမ်းအုပ်စု၊ ကြပ်ခေါင်းကျေးရွာ

ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးလုပ်ငန်းများ

- ~~ကြပ်ခေါင်း-မြောက်ချောင်းကူးချောင်းကျောက်လမ်း~~

(၂) - ကြပ်ခေါင်း - ရင်းတိုက်ကူး ချောင်းကျောက်လမ်း

(၁) - ရွာတွင်းချောင်းကျောက်လမ်း

(၃) - စာကြည့်တိုက်

(၄) - လျှပ်စစ်မီးတိုင်၊ မီးကြိုး

- ဆေးပေးခန်း


- စီးကူးတာ လမ်းနှင့် ဂုံး ပြုပြင်ရန်

(၅) - ရွာတွင်းကွန်ကရစ်လမ်း အိုးလမ်း

- စာသင်ကျောင်း

# ကျေးရွာအမျိုးသား၊ အမျိုးသမီးများ ဆွေးနွေးတင်ပြသော

# ဖွံ့ဖြိုးရေးလုပ်ငန်းများ




ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ

# ကျေးရွာဦးစားပေးလုပ်ငန်းများ အဆင့်သတ်မှတ်ချက်

ကျေးရွာအမျိုးသား၊ အမျိုးသမီးများမှ တင်ပြသော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ

(၁) ရွာတွင်းချောင်းကျောက်လမ်း (ကျား / မ )

(၂) ကြပ်ခေါင်း - ရင်းတိုက်ကုန်းချောင်းကျောက်လမ်း(ကျား/ မ )

(၃) စာကြည့်တိုက် (ကျား)

(၄) လျှပ်စစ်မီးတိုင်း မီးကြိုး (မ)

(၅) ဆေးပေးခန်း (မ )

စသည့် လိုအပ်သည့် လုပ်ငန်းများကို လျို့ဝှက်မဲပေးစနစ်ဖြင့် ရွေးချယ်ခဲ့ကြပါသည်။







ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီ အဖွဲ့ဝင်စာရင်း

ပက်မခန်းအုပ်စု ကြပ်ခေါင်းကျေးရွာ

ပြန်လည်ဖွဲ့စည်းသည့်ရက်စွဲ။ ။21-9-2017

| စဉ် | အဖွဲ့ | ရာထူး | အမည် | ဖုန်းနံပါတ် | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ကျေးရွာစီ/ထောက် | ဥက္ကဋ္ဌ | ဦးမင်းမင်းနိုင် | 09-774650638 | |
| ၂ | | ဥက္ကဋ္ဌ | ဒေါ်တင်တင်ခိုင် | 09- | |
| ၃ | ဝယ်ယူရေးဆပ်ကော်မတီ | ခေါင်းဆောင် | ဒေါ်ဇင်မာဦး | 09-251115002 | |
| ၄ | | အဖွဲ့ဝင် | ဦးအောင်တင်စိုး | 09-250430667 | |
| ၅ | | အဖွဲ့ဝင် | ဒေါ်ကေသီခိုင် | | |
| ၆ | စောင့်ကြည့်ကြီးကြပ်ရေး ဆပ်ကော်မတီ | ခေါင်းဆောင် | ဦးမင်းနောင် | 09-36423218 | |
| ၇ | | အဖွဲ့ဝင် | ဒေါ်အိအိဇင် | 09-254783894 | |
| ၈ | | အဖွဲ့ဝင် | ဒေါ်နှင်းဝတ်ရည် | 09-456410516 | |
| ၉ | လည်ပတ်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေး ဆပ်ကော်မတီ | ခေါင်းဆောင် | ဒေါ်စန်းမြင့် | 09-779805286 | |
| ၁၀ | | အဖွဲ့ဝင် | ဒေါ်သူဇာနွယ် | 09-253298612 | |
| ၁၁ | | အဖွဲ့ဝင် | ဦးသန်းအေး | | |
| ၁၂ | ကျေးရွာငွေစာရင်းကိုင် | စာရင်းကိုင် | ဦးခင်မောင်အေး | 09-450737885 | |
| ၁၃ | အကြံပြုတိုင်ကြားဖြေ ရှင်းရေးဆပ်ကော်မတီ | အဖွဲ့ဝင် | ဦးမြဝင်း | 09-774141163 | |
| ၁၄ | | အဖွဲ့ဝင် | ဒေါ်မိမိအောင် | 09-779276005 | |
| ၁၅ | စေတနာ့ဝန်ထမ်း | အဖွဲ့ဝင် | ဦးဆန်းနိုင်ဦး | 09-253298612 | |
| ၁၆ | | အဖွဲ့ဝင် | ဒေါ်ခင်အုန်းမြင့် | | |

တာဝန်ကျဝန်ထမ်းများ- ဦးကျော်မျိုးဦး (CF)

ဦးသက်ပိုင်ဖြိုး (TF)

## ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| |
|---|
| လမ်းညွှန်ချက်၊ ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်၊ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။ |

| ကျေးရွာအုပ်ချုပ်ရေးမှူး အမည် | | ကျေးရွာအုပ်ချုပ်ရေးမှူး၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏ အမည် |
|---|---|---|---|
| ဦး [illegible] | | ၀၉-၂၅၁၁၁၅၀၀၇ | ဦး [illegible] |
| မြန်မာနိုင်ငံ၊တိုင်းဒေသကြီး ဧရာဝတီ | မြို့နယ် ကြံခင် | ကျေးရွာအုပ်စု [illegible] | ကျေးရွာ [illegible] |

က၊ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) [illegible] | ၄၁ | ဘာသာ (၁) ဗုဒ္ဓ | ၄၁ |
| လူမျိုးစု (၂) [illegible] | ၃ | ဘာသာ (၂) ဗုဒ္ဓ | ၃ |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ------------ | | ဘာသာရော ------------ | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၁ | ၁ | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၉ | ၉ | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | | |
| လူမျိုးစု (၁) [illegible] | ၇၉ | ၈၄ |
| လူမျိုးစု (၂) [illegible] | ၃ | ၁ |
| လူမျိုးစု (၃)---------- | | |
| အိမ်ထောင်ဦးစီး | ၃၇ | ၇ |

**(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ**

| စာသင်ကျောင်း | | အမှတ်ခြစ်ပါ | ကျန်းမာရေး | | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|---|---|---|
| | အထက်တန်းကျောင်း | ☐ | | ဆေးရုံ | ☐ | | စေတီ | ☑ |
| | အလယ်တန်းကျောင်း | ☐ | | ကျန်းမာရေးဌာန | ☐ | | ဘုန်းကြီးကျောင်း | ☑ |
| | မူလတန်းကျောင်း | ☐ | | ကျန်းမာရေးဌာနခွဲ | ☐ | | ဟိန္ဒူဘုရားကျောင်း | ☐ |
| | မူကြိုကျောင်း | ☐ | | ဆေးပေးခန်း | ☐ | | ခရစ်ယာန်ကျောင်း | ☐ |

| | | | | | | |
|---|---|---|---|---|---|---|
| အခြား | ☐ | | အခြား | ☐ | ဝလီ | ☐ |
| | | | | | အခြား | ☐ |
| မှတ်ချက် | | | မှတ်ချက် | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | (၂) ကျန်းမာရေး | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | (၃) လက်မှုပညာရှင် | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
|---|---|---|---|---|---|---|---|---|
| မူလတန်းပြဆရာ/မ | ☐ | ☐ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☑ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☑ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☑ | ☐ | စက်ပြင်ဆရာ | ☑ | ☑ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

ကျောက်ကြမ်းလမ်း   ကတ္တရာလမ်း   ကွန်ကရစ်လမ်း   (မော်တော်ဆိုင်ကယ်လမ်း)

(ကျောက်ခင်းလမ်း)   (မြေသားလမ်း)   (လူသွားလမ်း)   အခြား ____________

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်   ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှုစီမံချက်ရှိခဲ့ပါသလား?   ရှိပါသည်/(မရှိပါ)/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း?   နှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား?   ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း?   မိုင်--၃----/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်----၂၀ မိနစ်---ထော်လာဂျီ/(မော်တော်ဆိုင်ကယ်)/ခြေလျှင်/လှေ/မော်တော်ဘုတ်/ အခြား ------------------

မိုးရာသီတွင်ကြာချိန်--------၂၀ မိနစ်---- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျှင်/လှေ/မော်တော်ဘုတ်/ အခြား ------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☐ မရှိပါ   ☑ ရှိပါသည်   ရှိလျှင်ဖော်ပြပါ --[illegible]

(ဈ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဝဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား၊

(၁) ---------------------------------

(၂) ---------------------------------

ကျေးရွာခေါင်းဆောင် — အမည် ဦးမင်းဇော်

လက်မှတ် [signature] နေ့စွဲ 21.9.2017

လူထုစည်းရုံးရေးမှူး — အမည် ဦးကျော်မျိုးဦး

လက်မှတ် [signature] နေ့စွဲ 21.9.2017

(PC 2)

## ပုံစံ - စ - ၂ - စိမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | |
|---|---|---|---|
| လမ်းညွှန်ချက်။ သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာနည်းပညာမှူးများမှ စိမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဦးကျော်မျိုးနိုင် ၄၅ ၊ ဦးသက်ထိုင်ဖြိုး ၃၈ | | | |
| နေ့စွဲ ၂၁. ၉. ၂၀၁၇ | | စက်ဝန်းအားအမှတ်ခြစ်ပါ □ စက်ဝန်း(၁) □ စက်ဝန်း(၂) ☑ စက်ဝန်း(၃) □ စက်ဝန်း (၄) | |
| မြည်နယ်/တိုင်း ဧရာဝတီ | မြို့နယ် ကြံခင်း | ကျေးရွာအုပ်စု ပက်ဖခမ်း | ကျေးရွာ ကြယ်ခေါင်း |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၂၁.၉.၁၇ | ၂၁.၉.၁၇ | ၇ | ၂၉ | ၃၆ | ၉ ၊ ကရင် |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၂၁.၉.၁၇ | ၂၁.၉.၁၇ | ၇ | ၂၉ | ၃၆ | ၉ ၊ ကရင် |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | ၂၃.၁၀.၁၇ | ၂၆.၁၀.၁၇ | ၁၀ | ၂၁ | ၃၁ | ၃၁ ၊ ဗမာ |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | ၉.၁၂.၁၇ | ၉.၁၂.၁၇ | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေးအကြောင်းကြားသည့် အစည်းအဝေး | | | | | | ၊ |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | ၊ |

| | | | | | | |
|---|---|---|---|---|---|---|
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | – – |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | | | | | | – – |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | | | | | | – – |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | – – |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | – – |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | – – |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | – – |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | – – |

# ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| |
|---|
| လမ်းညွှန်ချက်၊ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ |

| | | | |
|---|---|---|---|
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဦးကျော်မျိုးဦး CF ၊ ဦးသက်နိုင်ဖြိုး TF | | | |
| နေ့စွဲ 21. 9. 2017 | | စက်ဝန်းအား အမှတ်ခြစ်ပါ (√) □ စက်ဝန်း(၁) □ စက်ဝန်း(၂) ☑ စက်ဝန်း(၃) □ စက်ဝန်း(၄) | |
| ပြည်နယ်/တိုင်း ဧရာဝတီ | မြို့နယ် ကြံခင်း | ကျေးရွာအုပ်စု ပက်ပနွှား | ကျေးရွာ ကြယ်ဂေါင်း |

က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| | အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ |
|---|---|---|---|
| ၁ | ကျေးရွာတွင် စာသင်ကျောင်း မရှိသည့် အခက်အခဲ | ၁ | ကျေးရွာတွင် စာသင်ကျောင်း မရှိသည့် အခက်အခဲ |
| ၂ | လမ်းပန်းဆက်သွယ်ရေး မကောင်းသည့် အခက်အခဲ | ၂ | လမ်းပန်းဆက်သွယ်ရေး မကောင်းသည့် အခက်အခဲ |
| ၃ | လျှပ်စစ်မီး မရရှိသည့် အခက်အခဲ | ၃ | လျှပ်စစ်မီး မရရှိသည့် အခက်အခဲ |
| ၄ | ဆေးပေးခန်းနှင့် အလှမ်းဝေးသည့် အခက်အခဲ | ၄ | ဆေးပေးခန်းနှင့် အလှမ်းဝေးသည့် အခက်အခဲ |
| ၅ | စာကြည့်တိုက် မကောင်းသည့် အခက်အခဲ | ၅ | စာကြည့်တိုက် မကောင်းသည့် အခက်အခဲ |
| ၆ | အလုပ်အကိုင် အခွင့်အလမ်းများ ရှားပါးသည့် အခက်အခဲ | ၆ | အလုပ်အကိုင် အခွင့်အလမ်း ရှားပါးသည့် အခက်အခဲ |
| ၇ | စိုက်ပျိုးရေး နည်းပညာများ မတတ်သည့် အခက်အခဲ | ၇ | စိုက်ပျိုးရေး နည်းပညာများ မတတ်သည့် အခက်အခဲ |

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| | အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ |
|---|---|---|---|
| ၁ | လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာရန် မျှော်မှန်း | ၁ | လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာရန် မျှော်မှန်း |
| ၂ | လျှပ်စစ်မီး ရရှိရန် မျှော်မှန်း | ၂ | လျှပ်စစ်မီး ရရှိရန် မျှော်မှန်း |
| ၃ | စာသင်ကျောင်း ဖွင့်လာရန် မျှော်မှန်း | ၃ | စာသင်ကျောင်း ဖွင့်လာရန် မျှော်မှန်း |
| ၄ | စိုက်ပျိုးရေး နည်းပညာများ တတ်မြောက်လာအောင် ကြိုးစားရန် မျှော်မှန်း | ၄ | စိုက်ပျိုးရေး နည်းပညာ တတ်ကျွမ်းမှု ရရှိရန် မျှော်မှန်း |
| ၅ | ကျန်းမာရေး စောင့်ရှောက်မှု အပြည့်အဝ ရရှိရန် မျှော်မှန်း | ၅ | ကျန်းမာရေး စောင့်ရှောက်မှု အပြည့်အဝ ရရှိရန် မျှော်မှန်း |
| ၆ | အလုပ်အကိုင် အခွင့်အလမ်း ရရှိရန် မျှော်မှန်း | ၆ | အလုပ်အကိုင် အခွင့်အလမ်း ရရှိရန် မျှော်မှန်း |
| ၇ | ငွေရေးကြေးရေး လည်ပတ်မှု ပိုလာရန် မျှော်မှန်း | ၇ | ငွေရေးကြေးရေး လည်ပတ်မှု ပိုလာရန် မျှော်မှန်း |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေ အတွက် |
|---|---|---|---|---|
| ၁ | ရွာတွင်းချောင်းကျောက်လမ်း | အမျိုးသား + အမျိုးသမီး | ၅,၂၀၀,၀၀၀ | (၁၆၃)ယောက် |
| ၂ | ရွာချင်းဆက်ချောင်းကျောက်လမ်း(ကြယ်ခေါင်း၊ဂုင်းတို့ကြား) | အမျိုးသား + အမျိုးသမီး | ၄,၀၀၀,၀၀၀ | (၁၆၇)ယောက် |
| ၃ | ရွှေပြည်စိမ်းတိုင်ဖြိုးကြီး | အမျိုးသား + အမျိုးသမီး | ၅,၀၀၀,၀၀၀ | (၁၆၇)ယောက် |
| ၄ | ရွာတွင်းကွန်ကရစ်လမ်း | အမျိုးသား + အမျိုးသမီး | ၈,၇၀၀,၀၀၀ | (၁၆၇)ယောက် |
| ၅ | စာကြည့်တိုက်ပြုပြင်ရန် | အမျိုးသား + အမျိုးသမီး | ၄,၀၀၀,၀၀၀ | (၁၆၇)ယောက် |
| ၆ | | | | |
| ၇ | | | | |
| ၈ | | | | |

ဃ။ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက်အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | ငွေစုငွေချေးလုပ်ငန်း | မ | |
| ၂ | နွေးရှိရေးအတွက် အထောက်အပံ့ | ကျား + မ | |
| ၃ | လယ်ယာမြေပျိုးရေး အတွက်ရေနှုတ်မြောင်း | ကျား | |
| ၄ | | | |
| ၅ | | | |

ဉက္ကဋ္ဌ ၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ဒေါ်တင်တင်ခိုင် ------ လက်မှတ် --- Khaing ------ နေ့စွဲ 2 - 9 - 2017

ကဏ္ဍအလိုက်အခက်အခဲမှတ်တမ်း

<u>ကျေးရွာကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ</u> ကြပ်ခေါင်း၊

| | စဉ် | လုပ်ငန်း | အဆိုပြုသူ | လ/နှစ် | လုပ်ဆောင်မည့်သူ | ပြင်ပမှထောက်ပံ့ပေးသူ |
|---|---|---|---|---|---|---|
| အခြေခံအဆောက်အအုံ | ၁ | ရွာချင်းဆက်လမ်း၊ မြောက်ချောင်ကျွန်း + ကြပ်ခေါင်း၊ | ကျ / မ | ၂၀၁၇ | ကျေးရွာလူထု | CDD |
| | ၂ | ရွာချင်းဆက်လမ်း၊ ကြပ်ခေါင်း၊ + ရင်းတိုက်ကျွန်း၊ | ကျ / မ | ၂၀၁၈ | ကျေးရွာလူထု | CDD |
| | ၃ | ရွာတွင်းလမ်း၊ | ကျ / မ | ၂၀၁၉ | ကျေးရွာလူထု | CDD |
| | ၄ | စာကြည့်တိုက် | ကျ / မ | ၂၀၂၀ | ကျေးရွာလူထု | CDD |
| | ၅ | လျှပ်စစ်မီးတိုင်၊ မီးကြိုး၊ | ကျ / မ | ၂၀၂၁ | ကျေးရွာလူထု | CDD |
| | ၆ | ကိုးကျွန်းတာလမ်း၊ / ဂုံး၊ | ကျ | ၂၀၂၂ | ကျေးရွာလူထု | CDD |
| | | | | | | |
| အသက်မွေးဝမ်းကျောင်း/ | ၁ | လယ်ယာစိုက်ပျိုးရေးအတွက် ရေနှုတ်မြောင်း၊ | မ | | | စိုက်ပျိုးရေးဦးစီးဌာန |
| | | | | | | |
| | | | | | | |
| ကျန်းမာရေးနှင့်လူမှုရေး | ၁ | ဆေးပေးခန်း၊ | မ | | | ကျန်းမာရေးဌာန |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| ပညာရေး | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| အခြား | ၁ | ငွေစုငွေချေးလုပ်ငန်း၊ | မ | | | ထောက်ပံ့ပေးနိုင်သည့် အဖွဲ့အစည်း၊ |
| | ၂ | မွေးမြူရေးအတွက်အထောက်အပံ့ | မ | | | စိုက်ပျိုးမွေးမြူရေးဌာန |
| | ၃ | မူလတန်းကျောင်းသားများ အတွက်ကြိုပို့ယာဉ် | မ | | | အခြားအဖွဲ့အစည်း၊ |
| | | | | | | |